မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၄၈)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်၊ ၁၃–၈–၂၀၂၆၊ ကြာသပတေးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day - 2026 )အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

“နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day – 2026 ) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁ (MICC–1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များအား ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ❖

## သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရုရှားနိုင်ငံ ဗုဒ္ဓဘာသာ ပညာရေးနှင့် သုတေသနဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၂

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (SIBA) နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗုဒ္ဓဘာသာ ပညာရေးနှင့် သုတေသနမြှင့်တင်ရေးဖောင်ဒေးရှင်း (Foundation for the Promotion of Buddhist Education and Research) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချုပ်ကို ဩဂုတ် ၁၁ ရက်တွင် မော်စကိုမြို့၌ အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သဘောတူညီချက်၏ အဓိက ရည်ရွယ်ချက်မှာ နှစ်ဖက်အဖွဲ့အစည်းများအကြား ဗုဒ္ဓဘာသာစာပေ၊ သုတေသန၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်နှင့် အပြန်အလှန်နားလည်မှု တိုးတက်စေရန် ရည်ရွယ်ကြောင်း သိရသည်။

စာမျက်နှာ ၂ သို့ ※

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၂**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။


**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီးပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ဘဏ်တို့မှတစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ◆



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းလွန်–ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊

စာမျက်နှာ ၈ သို့ ○



## ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၁၂

ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး

စာမျက်နှာ ၆ သို့ ⊔

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## သစ်ပင်စိုက်ပျိုးသော မိုးရာသီ

အလုတရားဟုဆိုရာ၌ လူတို့ပြုလုပ်ဖန်တီးထားသော အလုနှင့် သဘာဝအလုဟူ၍ ခွဲခြားနိုင်သည်။ သို့သော် အားလုံးသော အလုတရားတို့သည် သဘာဝကပင် အခြေခံရပြီး တောတောင်ရေမြေ သဘာဝအလု၊ ရာသီသဘာဝအလု အစရှိသည်တို့ပါဝင်နေသည်။ မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးမျိုးရှိသည်။ ရာသီဥတုအလိုက် မြန်မာနိုင်ငံသားတို့၏ အကျိုးကိုဆောင်ရွက်လျက်ရှိသည်။ နွေရာသီသည် ပူပြင်းခြောက်သွေ့ပြီး နွေ၏အပူဒဏ်ကို လူတိုင်းအန်တုရင်ဆိုင်ကာ သွားလာလှုပ်ရှားရသည်။ ပူပြင်းသည့်ဒဏ်ကို မခံစားနိုင်သဖြင့် မိုးရွာစေရန် ဆုတောင်းကြသည်။ ထိုသို့ မိုးမျှော်နေစဉ် မိုးကောင်းကင်ကြီးတစ်ခုလုံး မိုးသားတိမ်လိပ်တို့က ဖုံးလွှမ်းလိုက်သဖြင့် ခေတ္တခဏ အအေးဓာတ်ကို ရရှိစေမည်ဖြစ်သည်။ မိုးဦးကို လူတိုင်းတောင့်တကြသည်။ လည်တမော့မော့နှင့်မျှော်ကြသည်။ နွေ၏အပူဒဏ်ကို မခံနိုင်၍ မိုးဦးမြန်မြန်ရောက်ချင်ကြသည်။ မိုးရွာလျှင် မိုးရေချိုးမည်ဟု အားခဲနေသော ကလေးငယ်များကလည်း သူ့အတွေးနှင့်သူရှိကြသည်။ နွေ၏အပူဒဏ်ကို ခံခဲ့ရသော စိမ်းဖန့်ဖန့်ရွက်နုတို့ကလည်း မိုးဦးကို ငံ့လင့်နေကြသည်။ လူသားတိုင်း ပူလောင်ခြင်းထက် အေးမြခြင်းကို နှစ်သက်ကြသည်။ ခြောက်သွေ့ခြင်းထက် စိုပြည်ခြင်းကို မက်မောကြသည်။ ဟောင်းနွမ်းခြင်းထက် သစ်လွင်ခြင်းကို ခုံမင်ကြသည်။ ညှိုးနွမ်းခြင်းထက် လန်းဆန်းခြင်းကို ခံစားလိုသည်။ ယင်းသို့သော စိတ်သဘာဝကို မိုးရာသီ၏ အလုတရားတို့က တစ်မျိုးတစ်ဖုံ ဖြည့်စွက်ပေးလျက်ရှိသည်။

မိုးရနံ့တို့သည် တသင်းသင်းနှင့်ပျံ့လွင့်လာသည်။ မိုးစတင်ရွာသွန်းမည့် အချိန်ကတည်းက အပူဒဏ်လျော့ကျသဖြင့် လူတိုင်း လူတိုင်း များစွာဝမ်းမြောက်ကြသည်။ မိုးရွာသွန်းသောအခါ မိုး၏အေးမြမှုကို ခံစားရသဖြင့် ကြည်နူးကြသည်။ နွေ၏အပူဒဏ်ကို မိုးကဖြေဖျောက်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် မိုးရာသီသည် နွေရာသီထက် ပိုမိုလှပနေသည်ဟု ခံစားရသည်။

မိုးရာသီတွင် မိုးကောင်းကင်၌ မိုးသားတိမ်လိပ်တို့သည် အသွင်အမျိုးမျိုးဖြင့် လှပလျက်ရှိသည်။ တစ်ခါတစ်ရံ မိုးသားမည်းမည်းတို့ကိုတွေ့ရပြီး တစ်ခါတစ်ရံ မိုးသားဖြူဖြူတို့ကို တွေ့ရသည်။ တစ်ခါတစ်ရံ အနောက်တောင်မုတ်သုန်လေ၏ တိုက်ခတ်မှုကြောင့် ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲလေ့ရှိသည်။ တစ်ခါတစ်ရံ ပန်းချီကားတစ်ချပ်နှင့်လည်းတူပြန်သည်။ မိုးတိမ်တောင်များ၏ အလုတရားများကို မိုးရာသီတွင်သာတွေ့မြင်နိုင်သည်။ နွေရာသီတွင် ရိုးပြတ်များဖြင့် ခြောက်သွေ့လျက်ရှိသော မြန်မာ့လယ်ယာမြေသည် မိုးရာသီ၌ မြသားရောင်လွှမ်းလျက်ရှိသည်။ ထို့ကြောင့် သာယာမှုအပေါင်းခညောင်းနေမည့်မိုးရာသီဟု သတ်မှတ်ရမည်ဖြစ်သည်။ မိုးရာသီ၏ ရာသီပန်းများဖြစ်သော စံပယ်ပန်း၊ ခတ္တာပန်း၊ ပုန်းညက်ပန်း၊ ကြာပန်း၊ အင်ကြင်းပန်း စသည်တို့ကလည်း သက်ရှိလူသားတို့အတွက် အပြိုင်အဆိုင် ဖူးပွင့်လာကြသည်။

သို့ဖြစ်ရာ သစ်ပင်စိုက်ပျိုးသော မိုးရာသီတွင် သက်ဆိုင်ရာဌာနများအလိုက် စိမ်းလန်းစိုပြည်ရေးအတွက် တပျော်တပါး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။ ထို့ကြောင့် ငွေမြားတံပုလဲဥတို့ ရွာသွန်းသောမိုးရာသီသည် များစွာသော လူတို့ရှင်သန်ရေး၊ အေးမြချမ်းသာရေးတို့ဖြင့် ပေါင်းစည်းလျက် ကျက်သရေအတိ၊ ပျော်ရွှင်ဖွယ်အတိဖြစ်စေသော သာယာမှုအပေါင်းခညောင်းနေမည့် အလုတရားများဖြင့်ပြည့်နှက်နေသော ရာသီကောင်းတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

❊ ရွှေဖုံးမှ

ယင်းပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်သက်တမ်းမှာ ငါးနှစ်ဖြစ်ကြောင်း သိရှိရသည်။ ပါဝင်မည့် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ဗုဒ္ဓဘာသာ ဒဿနိကဗေဒ၊ သမိုင်းနှင့် ကျင့်သုံးမှုများဆိုင်ရာ ကွန်ဖရင့်များ၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ သင်ကြားရေးဆရာ၊ သုတေသီများနှင့် စီမံခန့်ခွဲသူများ အပြန်အလှန်လဲလှယ်၍ သင်တန်းပို့ချခြင်းနှင့် သုတေသနပြုခြင်း၊ ရှေးဟောင်းဗုဒ္ဓဘာသာစာပေများ၊ သမိုင်းဝင်နေရာများနှင့် ခေတ်ပြိုင်သင်ကြားမှုများဆိုင်ရာ ပူးတွဲသုတေသနပြုခြင်းတို့ပါဝင်ကြောင်း သိရသည်။



**လက်မှတ်ရေးထိုး**

အဆိုပါစာချုပ်ကို သီတဂူဆရာတော်ကြီးနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖောင်ဒေးရှင်းနှင့် ရုရှား State University အာရှရေးရာဌာနမှူး Mr. Alexey Maslov တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

MT

### ၁၂ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် မူလတန်းအဆင့်ပန်းချီပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ရည်ရွယ်ကာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် မူလတန်းအဆင့်ပန်းချီပြိုင်ပွဲကို အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပရာတွင် "လက်ဆေးကြပါစို့" ခေါင်းစဉ်ဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ ပန်းချီပြိုင်ပွဲယှဉ်ပြိုင်နေမှုအား မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ယနေ့နံနက် ၁၀ နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၇)ရပ်ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် စုစုပေါင်း (၇၀)ဦး တက်ရောက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း (၂၃)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က တင်သွင်းခဲ့သည့် "မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအကောင်အထည်ဖော်မှုစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ" နှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် "မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်း အကောင်အထည်ဖော်မှု စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ" ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။




မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို ၁၁ နာရီ ၃၀ မိနစ်အချိန်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (အဋ္ဌမနေ့)ကို ဩဂုတ် ၁၃ ရက်နေ့ (ကြာသပတေးနေ့) နံနက် ၁၀နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

*စာမျက်နှာ ၃ မှ*

အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူငယ်များအတွက် လိုအပ်သည့် ၂၁ ရာစု တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

**အခွင့်အလမ်းများကို အားပေးမြှင့်တင်**

အာဆီယံဒေသ အဆင့်တွင်လည်း အနာဂတ်အတွက် အသင့်ဖြစ်နေသည့် လူငယ်များဖြစ်လာစေရန် လူမှုစွန့်ဦးတီထွင်မှုများ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေကြကြောင်း၊ ထို့အပြင် အာဆီယံဒေသတွင်း လူငယ်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းပါဝင်လာနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းအစီအစဉ်(၂၀၂၆-၂၀၃၀)ကို ချမှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်များဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိကြောင်း၊ ၎င်းတို့အရွယ်သည် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ပညာသင်ကြားသည့် အရွယ်ဖြစ်သဖြင့် ကျောင်းနေရာခိုင်နှုန်း မြင့်မားအောင်ဆောင်ရွက်ပြီး စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်ဆိုပါက အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါမျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင် ဖြစ်ကြကြောင်း။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အင်ဂျင်နီယာကျောင်းသူ (Winner ဆု)ရရှိခဲ့သော ME (Arch) (Coursework) မှ မခြူးကေခိုင်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကိုတန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့် အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း။

မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုမိမိတို့အစိုးရသစ်လက်ထက်တွင် ယခင်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခုကို သီးခြားစီပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အသစ်ဖွဲ့စည်းပေးခဲ့သည့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပြီး စွမ်းရည်များနှင့် အလားအလာကောင်းများ တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူမှုအသိုက်အဝန်းအတွင်းတွင် လူငယ်များအနေဖြင့် အကျိုးရှိရှိ ပါဝင်ဆောင်ရွက်ခွင့်များ ရရှိစေပြီး နိုင်ငံတည်ဆောက်ရေး၏ စွမ်းအားအသွင် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

**ပိုမိုကျယ်ပြန့်အားကောင်းလာ**

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များကို ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်ကြောင်း။

ခေတ်မီနည်းပညာနှင့် ဒီဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် လွတ်လပ်သည့် အတွေးအခေါ်များကို နိုင်ငံတော်က အလေးအနက်ထား အသိအမှတ်ပြုပြီး အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း။

ယနေ့ ဒီဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာ စီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများ ရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတကာလုံ့တံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့သည့် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသား မောင်ချစ်မင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ် သူရအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

လိုအပ်နေသည့် စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှု (Critical Thinking) ရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်ပြီး သတိရှိအလေးထားရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒီဂျစ်တယ်နိုင်ငံသား (Responsible Digital Citizen) များအဖြစ် ရပ်တည်ကြရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာအသိုက်အဝန်းနှင့်လျော်ညီအောင် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးလှကြောင်း၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာကသိအောင် မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်း ဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှ တိုးတက်နေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ မြန်မာလူငယ်များသည် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*



ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "လူငယ့်စွမ်းရည်" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်စဉ်။

စာမျက်နှာ ၄ မှ

ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသည့်ခေတ်တွင် ပြောင်းလဲမှုများနှင့်အတူ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အသီးအပွင့်များကို ဖော်ဆောင်နိုင်မည်ပင် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ ရင့်ကျက်သည့်အတွေးအခေါ်၊ မှန်ကန်သည့်လုပ်ရပ် စသည့်ပေါင်းစည်းအားများနှင့် ဆောင်ရွက်ကြမည်ဆိုပါက အားလုံးလိုချင်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုပန်းတိုင်ကိုရောက်ရှိရန် အထောက်အပံ့များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း။

**စုစည်းစွမ်းအားအဖြစ် အသုံးပြု**

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား- Different Contexts, Common Aspirations"** နှင့်အညီ လူငယ်များ၏မတူကွဲပြားသည့် အတွေးအမြင်များကို ပေါင်းစည်းပြီး နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ အားလုံးရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများကို အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရာတွင် လူငယ်များ၏ အရည်အချင်းနှင့် အရင်းအမြစ်များကို စုစည်းစွမ်းအားအဖြစ် အသုံးပြုကြရန်လည်း အလေးနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားမှတစ်ဆင့် မိမိတို့၏ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ကြသည့်နိုင်ငံသားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်သည့် ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများ ဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မျိုးဆက်သစ်လူငယ် မောင်မယ်အားလုံးကို အထူးတိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

**တက်ကြွစွာ ပါဝင်ဆောင်ရွက်**

နိုင်ငံတစ်လွှားက လူငယ်မောင်မယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာတတ်ကျွမ်းမှုများနှင့် ပြည့်စုံအောင် ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့် စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူနိုင်သည့်၊ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့ရတနာ လူချွန်၊ လူကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့်ပျိုးထောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များ ဖြစ်ကြသည့် ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင် (Winner ဆု) ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မုဒုံ) မှ Grade-11 ကျောင်းသူ မသော်တာဦး၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week-2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့် အကောင်းဆုံးဆု (The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်၊ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် HONDA Y.E.S (Young Engineer and Scientist's) Award 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အင်ဂျင်နီယာကျောင်းသူ(Winner ဆု)ရရှိခဲ့သော ME (Arch) (Coursework) မှ မခြူးကေခိုင်ကျော်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 17th SEA U 18 & U 20 Athletics Championships လုံးတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 14th ASEAN School Game လုံးတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 68th Singapore Open Track & Field Championships လုံးတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသား မောင်ချစ်မင်းအောင်၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ် သူရအောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အတွက် ပေးပို့သည့် သဝဏ်လွှာကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် လူငယ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မချမ်းမြေ့လဝန်းသန့်က ကျေးဇူးတင်စကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "အနာဂတ်လူငယ် ထွန်းတောက်ကြယ်" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်သမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့ပြင် လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး နှစ်နိုင်ငံ အကျိုးစီးပွားများအား ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်လုပ်ငန်း အစီအစဉ်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ ပုစွန်မွေးမြူရေးကဏ္ဍအတွက် သားဖောက်ပြုစုခြင်း နည်းစနစ်များ၊ အဆင့်မြင့်မွေးမြူရေးနည်းပညာများ၊ ဇီဝလုံခြုံရေး ဆောင်ရွက်မှုနှင့် ငါး၊ ပုစွန်ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးနည်းပညာများ အပြန်အလှန် ဖလှယ်ရယူဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန် အစာထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသန၊ နည်းပညာနှင့်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## သရက်သမိန်ကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သစ်ယာကုန်းကျေးရွာအုပ်စု၊ သရက်သမိန်ကျေးရွာ၌ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် ဝန်ထမ်းများက သရက်သမိန်ကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

သရက်သမိန်ကျေးရွာ၌ အရှည် ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ခုနစ်လက်မရှိ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၂ ဒသမ ဝ၆၃ သန်းဖြင့် ZCO Co.,Ltd. က ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**နော်လူး**

၀-၀-၀-၀

၀-၀-၀

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၁၂**

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ် ၁(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးသို့ ယနေ့ မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

**လက်မှတ်ရေးထိုး**

ဦးစွာပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကား ပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (ယာပုံ)



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ (၉)ကြိမ်မြောက်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် (၁၀) ကြိမ်မြောက် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြောက်ခံရပြီး ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ယခု ကွယ်လွန်ချိန်တွင် အသက် ၇၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်နေ့ ဒုတိယပိုင်းအစီအစဉ်အဖြစ် "လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

ကမ္ဘာတစ်ဝန်းလုံးတွင်ရှိနေသည့် လူငယ်များ၏ ဆောင်ရွက်နိုင်စွမ်းများ၊ အရည်အသွေးများနှင့် အလားအလာကောင်းများကို အားပေးအသိအမှတ်ပြုပြီး လူငယ်များ၏ မတူကွဲပြားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်နေ့ ဒုတိယပိုင်းအစီအစဉ်ကို "လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် MICC-1 ၌ ဆက်လက်ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်းက မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကို အကောင်းဆုံး ပုံဖော်ဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်အများအပြားကို ပိုင်ဆိုင်ထားခြင်းသည် ဆုလာဘ်တစ်ခုအဖြစ် ဝမ်းမြောက်စွာတွေ့ရှိရကြောင်း၊ လူငယ်ဆိုသည်မှာ အသက်အရွယ် ငယ်ရွယ်နုပျိုမှုတစ်ခုကိုသာ ဆိုလိုသည်မဟုတ်ဘဲ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဲသည့် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံမှု၊ လောကကြီးကို ပိုမိုကောင်းမွန်အောင် ဆန်းသစ်သည့်အနေဖြင့် ပြောင်းလဲချင်သော စွန့်စားလိုသည့် စိတ်ဓာတ်၊ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လဖြင့် ကြိုးစားအားထုတ်မှုများစွာနှင့် အနာဂတ်၏ ခေါင်းဆောင်လောင်းများဖြစ်ကြောင်း၊ ယခုခေတ်လူငယ်များသည် လက်ရှိပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမျိုးစုံကို ကြောက်ရွံ့မှု အလျှင်းမရှိ၊ စိန်ခေါ်မှု၊ အခက်အခဲများကို ဖန်တီးမှုအခွင့်အလမ်းအမြင်ဖြင့် ပြောင်းလဲရင်ဆိုင်ကျော်လွှားပြီး လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုများကို ဖော်ဆောင်နေသူများဖြစ်ကြောင်း၊ "စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သော အနာဂတ်" (Empowered Youth, Strong Nation, Share Future) အဖြစ် ပေါ်ထွန်းလာစေရန်အတွက် လူငယ်မောင်မယ်တို့၏ အိပ်မက်များ၊ မျှော်မှန်းချက်များ၊ ဆန်းသစ်သည့် အတွေးအခေါ်များ၊ စိန်ခေါ်မှုများကို ဖန်တီးမှုများနှင့် အခွင့်အရေးအမြင်အဖြစ် ရဲရဲဝံ့ဝံ့ ဆက်လက်အကောင်အထည်ဖော်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။




ဆက်လက်၍ "လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ကျင်းပရာ Naypyitaw State Academy မှ မောင်ထွဋ်မြတ်တင်ရွှေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ လူငယ်ငါးဦး ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၊ စာစီစာကုံးဆုရ ကျောင်းသားကျောင်းသူများနှင့် လူငယ်ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ် ချီးမြှင့်ကြသည်။

လူငယ်စကားဝိုင်းသို့ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ အလှူ့ပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ပြည်သူများ၏ တင်ပြမှုများကိုလည်း ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**အားပေးစကား ပြောကြား**

ထို့အပြင် လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာ လောကချမ်းသာဘုရားကြီးကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက မြွေအန္တရာယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှု၊ စားသုံးသူရေးရာဦးစီးဌာနကလည်း စားဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမှုကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းအပြင် အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျကာ ရေကျော်စီးဝင်သည့် ဝေန်တာနေရာအား တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ မျောတုတ်တန်း၏ အပြင်ဘက်ခြမ်း ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်များ ဖြည့်သွင်း၍ ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများဖြင့် Pile ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်ရန် Geo-bags ချသည့် ရေယာဉ်များနှင့် သဲယာဉ်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေယာဉ်ငယ်များ၊ သဲစက်လှေတွဲများဖြင့် လုပ်ငန်းဆောင်ရွက်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အမရပူရမြို့နယ်မှ ရက်ကန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၊ ရက်ကန်းစက်များ တပ်ဆင်ထားမှုကြည့်ရှု

**မန္တလေး ဩဂုတ် ၁၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့်အဖွဲ့သည် ဩဂုတ် ၁၀ရက် မွန်းလွဲ ၂ နာရီက အမရပူရမြို့နယ်၊ မန္တလေး-စစ်ကိုင်းလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အမရပူရမြို့နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီးက အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရက်ကန်းစက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။



ဒုတိယဝန်ကြီးက Electronic Jacquard ရက်ကန်းစက်ဖြင့် ခေတ်မီဆန်းသစ်သော ဒီဇိုင်းများ ဆန်းသစ်တီထွင် ထုတ်လုပ်ရေး၊ ဆွေးနွေးပြောကြားပြီး ရက်ကန်းစက်အား ကြည့်ရှုပြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အသစ်ဆောက်လုပ်ပြီးစီးသော ရွှေလွန်းပျံခန်းမကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

# (၃၂) ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

(၃၂)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူ စာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် ကော်မတီဝင်များ၊ စာရေး ဆရာ ဆရာမကြီးများ၊ စာပေဆုရ ပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အမှာစကား ပြောကြားရာတွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများပါဝင်သလို စာပေပညာရှင်များကို ချီးမြှောက်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျပါကြောင်း၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည့်အတွက် သက်တမ်းရှည် ပုဂ္ဂလိကစာပေဆု တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံစာရေး ဆရာအသင်းဥက္ကဋ္ဌ၊ ပခုက္ကူစာပေ ဆုရန်ပုံငွေကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပခုက္ကူစာပေတစ်သက်တာဆု ရရှိကြသည့် ဦးဖေငြိမ်း (ကျော်စောဟန်)နှင့် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)တို့ကို ဆုများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ပခုက္ကူစာပေဆု ဝတ္ထုရှည်၊ ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ်၊ ပခုက္ကူစာပေဆု သုတေသနစာပေ၊ ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ်၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆု ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ပခုက္ကူ ဦးအုံးဖေ ပညာသင်ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ရှင်းလင်း ပြောကြားပြီး ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)နှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရ ဆရာမောင်မိုးက ကျေးဇူးတင်စကား ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေတိုးတက်ရေးသည် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူလူထု ဗဟုသုတရစေရန်နှင့် မြန်မာစာပေတိုးတက်ရေးအတွက် စာအုပ်စာပေများထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ အပါအဝင် စာပေနှင့် ပတ်သက်သည့် ချီးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ ဉာဏ်ပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတို့ကို ကိုယ်ပိုင်အချိန်ပေးပြီး စာပေဆုစိစစ် ရွေးချယ်ရေးလုပ်ငန်းများအား အလေးထားပြီး ဆောင်ရွက်ကြသည်ကို တွေ့ရပါကြောင်း၊ စာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေ ဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာထွန်းတင့်၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား ခဲ့သည်။

သတင်းစဉ်




**ဆုပေးအပ်ချီးမြှင့်**

ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း (၃၂)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာ ဆုရ ဆရာကြီး ဦးဖေငြိမ်း (ကျော်စောဟန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBFလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဩဂုတ် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာ၌ စနစ်ကျသော မွေးမြူရေးလုပ်ငန်းများမွေးမြူနိုင်ရေး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းဖြင့် မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ဒေသ ကျွဲနှင့်နွားမွေးမြူထားရှိ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း RBF နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ RBF စီမံကိန်း ခွင့်ပြုငွေကျပ်သိန်း (၃၀၀)၊ အစုအဖွဲ့များထည့်ဝင်ငွေ၊ ငွေကျပ်သိန်း(၁၀၀)တို့ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနှမ့်လွေအစုအဖွဲ့လေးဖွဲ့တို့မှ ဒေသ ကျွဲနှင့်နွားမွေးမြူခြင်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**အောင်ရဲကျော်**

## ဧရာဝတီမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၀ စင်တီမီတာ အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၆ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

◆ ရှေ့ဖုံးမှ

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်/ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- ❖ အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ - ကျပ် (၅၀) သန်းအထိ
- ❖ အလတ်စားစီးပွားရေးလုပ်ငန်းများ - ကျပ် (၁၀၀) သန်းအထိ
- ❖ CGI စနစ်ဖြင့် ထုတ်ချေးခြင်း - ကျပ် (၅၀) သန်းအထိ
  (မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ(၃)ခု၊ ပြည်တွင်း ပုဂ္ဂလိက အထွေထွေအာမခံကုမ္ပဏီ (၆) ခုတို့မှ ဆောင်ရွက်ပေးမည်။)

(ခ) **ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ❖ ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး (၃၀% )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊ အတိုးနှုန်း- ၃%
- ❖ လုပ်ငန်းလည်ပတ်ငွေ (Working Capital) (၁၀၀%) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး (၁)နှစ် (၆)လ၊ အတိုးနှုန်း- ၄%
- ❖ CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း- ၅%
  (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ၅% အပြင် ချေးငွေအာမခံ (CGI) ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

(ဂ) **ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- ❖ မြေနှင့် အဆောက်အဦ၊
- ❖ စက်၊ ယာဉ်ယန္တရား၊
- ❖ ငွေစုလက်မှတ်၊
- ❖ အစိုးရငွေတိုက်စာချုပ်၊
- ❖ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- ❖ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ❖ ချေးငွေအာမခံ Credit Guarantee ။

(ဃ) **အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ❖ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉) မြေ၊ (၃)(ခ) မြေ၊ လယ (၃၀ )(က) (ခ) မြေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

(င) **အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အဦအမျိုးအစား**

- ❖ ကွန်ကရစ်တိုက် (RC) ၊ အုတ်ညှပ်အဆောက်အဦ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက် အဆောက်အဦ၊ Steel Structure၊ (၆)ထပ်နှင့်အထက် ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance - CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ကျပ် (၅၀) သန်းအထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

○ စာမျက်နှာ ၂၄ မှ

ဒုဋ္ဌဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ (၁၄၉၇)အိမ်၊ အိမ်ထောင်စု (၁၆၀၉)စုမှ လူဦးရေ (၅၈၀၅)ဦး ရေဘေးသင့်ခဲ့ပြီး မိုးစပါး (၂၈၆)ဧက၊ နှကြာ (၅၇)ဧက၊ ပဲမြစ်(၇၃)ဧက၊ ဟင်းသီးဟင်းရွက် (၁၉၁)ဧက၊ အခြားပဲ (၇၄)ဧက၊ ငှက်ပျော(၁၀)ဧက၊ ဖူးစားပြောင်း(၇)ဧက စုစုပေါင်း (၆၉၈)ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁)ကျောင်းနှင့် မူလတန်းကျောင်း (၅)ကျောင်းတို့အား ယာယီပိတ်ထားခဲ့ကြောင်း၊ ရေဝင်ရောက်ရာဒေသများတွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီရွှေ့ပြောင်းခြင်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)















○ ရှေ့ဖုံးမှ

နောက် ၃၆ နာရီအတွင်း အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်ကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

သတင်း-စာမျက်နှာ ၈









## သမဝါယမကောလိပ် (မန္တလေး)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်သမဝါယမ ကောလိပ် (မန္တလေး)၌ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရန်နှင့် လမ်းစည်းကမ်းဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမှတ် (၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကံညွှန့်နှင့် အမှတ်(၈၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(အမရပူရ)မှ ရဲအုပ်ဌေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ နည်းလမ်းများနှင့် စနစ်တကျ လမ်းကူးသန်းသွားလာရေးဆိုင်ရာ သိကောင်းစရာများကို အသေးစိတ် အသိပညာပေးဟောပြောပို့ချခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေး၊ ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်၊ ဆရာ၊ ဆရာမနှင့် ဝန်ထမ်း ၉၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၃၀ ဦး၊ စုစုပေါင်း အင်အား ၃၂၀ ဦး တက်ရောက်ခဲ့ကြသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



**ရန်ကုန် ဩဂုတ် ၁၂**

## ကမ္ဘာ့အဆင့် (၄၀)အထိ တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်တဲ့ Myanmar eFootball Mobile အသင်း

FIFAe Nation League Qualifier (Mobile) ပွဲစဉ်များ ပြီးဆုံးပြီးနောက် မြန်မာအသင်းသည် ကမ္ဘာ့အဆင့် Ranking တွင် (၁၇)ဆင့်အထိ မြင့်တက်သွားခဲ့ပါသည်။

Nations League များ ကျင်းပနေသည့် ကာလတွင် Myanmar eFootball Mobile အသင်းသည် FIFAe ကမ္ဘာ့အဆင့် (၅၇)၌သာ ရပ်တည်ခဲ့သော်လည်း နောက်ဆုံးပွဲစဉ်များတွင် ပြောင်မြောက်သော ကစားကွက်များနှင့်အတူ Continental Championship အထိ တက်ရောက်သွားနိုင်ခဲ့သလို ဖီဖာကမ္ဘာ့အဆင့် (၄၀)အထိပါ မြင့်တက်လာခဲ့ပြီဖြစ်ပါသည်။

ထိုကဲ့သို့ မြင့်တက်လာသောအဆင့်များသည် မြန်မာအသင်း၏ အောင်မြင်မှုကို ဖော်ပြရုံသာမက ဆက်လက်ယှဉ်ပြိုင်ရမည့် ပွဲစဉ်များအတွက် ပိုမိုကောင်းမွန်သော အခွင့်အရေးများကိုပါ ယူဆောင်ပေးနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် အုပ်စုပွဲစဉ်များတွင် Draft Pick ရွေးချယ်ရသည့်အခါ Ranking မြင့်သောအသင်းက ဦးဆောင်ရွေးချယ်နိုင်ခွင့်ရှိသလို Ranking တူညီသောအသင်းများနှင့်ပါ တွေ့ဆုံခွင့်ရမည်ဖြစ်သည့်အတွက် ပိုမိုကောင်းမွန်သော ပြိုင်ဖက်အသင်းများနှင့် လက်ရည်စမ်းနိုင်ရန် အခွင့်အရေးများ ရရှိနိုင်တော့မည်ဖြစ်ပါသည်။

**(NGB)**

၀-၀-၀-၀

❍ စာမျက်နှာ ၂၄ မှ

အဆိုပါပြိုင်ပွဲတွင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများမှ ပိုက်ကျော်ခြင်း အားကစားသမားများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း အဖွဲ့ခေါင်းဆောင် ဦးသန်းလွင် ဦးဆောင်ပြီး အမျိုးသားအသင်းနည်းပြများအဖြစ် ဦးကျော်မင်းစိုး၊ ဦးထက်ဇော်၊ အမျိုးသမီးအသင်းနည်းပြများအဖြစ် ဦးအောင်ချိုမြင့်၊ ဒေါ်နန့်ယဉ်ယဉ်မြင့်နှင့် အမျိုးသား၊ အမျိုးသမီး အားကစားသမား ၂၄ ဦး၊ စုစုပေါင်းအင်အား ၂၉ ဦးတို့သည် ပြိုင်ပွဲအမျိုးအစားပေါင်း ခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမ(ရွှေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ(ငွေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ(ငွေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ (ငွေတံဆိပ်) ဆုကို လည်းကောင်း၊ မြန်မာနိုင်ငံအတွက် စုစုပေါင်းရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် သုံးခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၂၄ မှ

အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ပြိုင်ပွဲ တစ်ရက် နားမည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်




နေပြည်တော် ဩဂုတ် ၁၂

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄/၂၀၂၄) တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ(**အပေါ်ပုံ**)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်းပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီး သူများအနေဖြင့် အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန် ထမ်းဆောင်ကြသည်များလည်း ရှိကြကြောင်း သိရှိရသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟသ်ာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက်နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ ၁၈၉ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ဖန်ဒီဗန် စပါးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၁၂**

နောက်ခံကစားသမား ဗန်ဒီဗန်သည် စပါးအသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲ ကစားပြီး ၁၀ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗန်ဒီဗန်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ စပါးအသင်းရဲ့ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ချင်ပါတယ်။ လာမည့် ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## ဘရန်နန်ဂျွန်ဆင်ကို အဲဗာတန်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၂**

အဲဗာတန်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း တောင်ပံကစားသမား ဘရန်နန်ဂျွန်ဆင်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ဘရန်နန်ဂျွန်ဆင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆ပွဲ ကစားပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**




## ဂျူဗင်တပ်အသင်းက ပါလာမိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် ဩဂုတ် ၁၂**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနှင့် ပါလာမိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျူဗင်တပ်အသင်းက ပါလာမိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၅မိနစ်တွင် ယီဒက်ဇ်၊ ပွဲချိန် ၈၆မိနစ်တွင် မီလစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဂျူဗင်တပ်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ အီတလီစီးရီးအေ အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၃ရက်တွင် ဖရီစီနိုနီအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

## နည်းပြ ဂွါဒီယိုလာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အီတလီအသင်း သဘောတူညီမှုရရှိဟု သတင်းများထွက်ပေါ်

**တူရင် ဩဂုတ် ၁၂**

အီတလီအသင်းသည် နည်းပြ ဂွါဒီယိုလာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အသက်(၅၅)နှစ်အရွယ်ရှိ နည်းပြသည် ပြီးခဲ့သည့် မေ ၂၄ ရက်က မန်စီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်ခဲ့ပြီး လက်ရှိအချိန် အီတလီအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ယာပုံ)**

နည်းပြ ဂွါဒီယိုလာသည် နည်းပြဘဝတစ်လျှောက်တွင်လည်း ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီး စသည့် ဥရောပ ထိပ်သီးကလပ်အသင်းများကို ကိုင်တွယ်ပြီး အောင်မြင်မှုဆုဖလားများစွာ ရယူနိုင်ခဲ့သလို အတွေ့အကြုံရှိသည့် ဝါရင့် နည်းပြတစ်ဦးလည်း ဖြစ်သည်။



ထို့ကြောင့် နည်းပြ ဂွါဒီယိုလာအား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အီတလီအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* ဖီနာဘာချီအသင်းသည် နာပိုလီအသင်းတိုက်စစ်မှူး လူကာကူကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စီးရီးအေကလပ် အတ္တလန္တာအသင်းသည် အူဒီးနီစ်အသင်း နောက်ခံကစားသမား သောမတ်စ်ခရစ္စတန်ဆန်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့သည်။

* ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ဘင်ဖီကာအသင်း နောက်ခံကစားသမား အာမာဒီဒစ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## အာရူဂျို လီဗာပူးအသင်းတွင် ကျောနံပါတ်(၃၃)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၁၂**

နောက်ခံကစားသမားသစ် အာရူဂျို လီဗာပူးအသင်းတွင် ကျောနံပါတ်(၃၃)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းမှ လီဗာပူးအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။




နောက်ခံကစားသမား အာရူဂျိုသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၃ပွဲ ကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ အာရူဂျိုက "ကျွန်တော် လီဗာပူးအသင်းမှာ ကျောနံပါတ်(၃၃)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ သမိုင်းကြောင်းများစွာရှိတဲ့ ဒီကလပ်အသင်းကို ရောက်ရှိခဲ့တဲ့အတွက် အလွန်စိတ်လှုပ်ရှားမိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါဘဲ"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**


## ဒီလစ် ဒဏ်ရာမှသက်သာလာသောကြောင့် မန်ယူအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**လန်ဒန် ဩဂုတ် ၁၂**

မန်ယူအသင်း နောက်ခံကစားသမား ဒီလစ်ဒဏ်ရာမှ သက်သာလာသောကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ကျောဒဏ်ရာကြောင့် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလကတည်းက အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒီလစ်ဒဏ်ရာမှ သက်သာလာခြင်းကြောင့် မန်ယူအသင်းခံစစ်ပိုင်းအတွက် အားတက်စရာဖြစ်လာခဲ့သည်။




အသက်(၂၆)နှစ်အရွယ်ရှိ ဒီလစ်သည် မန်ယူအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၅၆ ပွဲကစားကာ သုံးဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

**(NGB)**

0-0-0-0-0-0

0-0-0-0-0

## 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်



**တိုရွန်တို ဩဂုတ် ၁၂**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Diana Shnaider ကို ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ယူကရိန်းတင်းနစ်မယ် Elina Svitolina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## ဂျေမီဗာဒီကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း ကမ်းလှမ်း

**လန်ဒန် ဩဂုတ် ၁၂**

ဝက်စ်ဟမ်းအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး ဂျေမီဗာဒီကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် လက်စတာစီးတီး၊ ခရီမိုနီစီစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျေမီဗာဒီကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် တိုက်စစ်မှူး ဂျေမီဗာဒီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**





## မန္တလေးတိုင်းဒေသကြီးအတွင်း သာစည်နှင့် ပျော်ဘွယ်မြို့တို့တွင် ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်မည်

**နေပြည်တော် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သာစည်နှင့် ပျော်ဘွယ်မြို့တို့တွင် ရထားလမ်း ခုံးကျော်တံတားများ တည်ဆောက်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားလမ်းခုံးကျော်တံတား (သာစည်)သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ ပြည်ထောင်စုလမ်းမကြီး (AH2) မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း မိုင်တိုင်အမှတ် (၁၃/၀-၁)ကြားတွင်တည်ရှိ၍ ရန်ကုန် - မန္တလေး ရထားလမ်း (ပျော်ဘွယ်-သဲတော) အပိုင်း သာစည်ဘူတာ၏ မရောက်မီ ပေ ၁၃၀၀ အကွာနှင့် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် ကားလမ်းဆုံသည့် နေရာတွင် တည်ဆောက်ရန် လျာထားကြောင်းနှင့် ရထားလမ်းခုံးကျော်တံတား(ပျော်ဘွယ်) သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့လယ်တွင်တည်ရှိပြီး ပြည်ထောင်စုလမ်းမကြီး(AH1) ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၈၅/၇-၂၈၆/၀) အကြားတွင် တည်ဆောက်ရန်လျာထား ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်မည့်နေရာတွင် ပဏာမတိုင်းတာ လေ့လာမှုဆောင်ရွက်နေခြင်းကို ယမန်နေ့က ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

အလားတူ ကျောက်ဆည် တက္ကသိုလ် သံကူကွန်ကရစ် နှစ်ထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရှင်းလင်းဆောင်၌ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Myanmar National Building Code 2025 (MNBC) ကို ထုတ်ပြန်ထားပြီးဖြစ်၍ သတ်မှတ်ချက်များအတိုင်း လိုက်နာတည်ဆောက်ရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များကလည်း အဆင့်လိုက် စစ်ဆေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် စစ်ဆေးရန်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစွာ အသုံးပြုတည်ဆောက်ရန်နှင့် လုပ်ငန်းစီမံချက်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး အဆောက်အအုံ တည်ဆောက်နေမှုနှင့် Recreation Center အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၂/၂၀၂၆) ဖွင့်လှစ်

**တောင်တွင်းကြီး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံတော်က ချမှတ်ထားသောမူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်က လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၂/၂၀၂၆)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ရသည့် ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရစနစ်ကို လက်တွေ့ကျင့်သုံးပြီး ခေတ်စနစ်နှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်၍ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များအလိုက် စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးက ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း (၂/၂၀၂၆)တွင် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၇၁ ဦးနှင့် စာရေးဝန်ထမ်း ၇၉ဦး တက်ရောက်ခဲ့ပြီး ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**



## ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ဩဂုတ်လ ၁၀ ရက် နံနက် ၉ နာရီမှ စတင်ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁) ဦးဝင်းဇော်၊ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးလင်းအောင်၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုမြင့်၊ ပြင်ဦးလွင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲမှူး သန့်ဇင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ခရိုင်၊ မြို့နယ်၊ နယ်မြေမှတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နာရေးလူမှုကူညီရေးအသင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေး သင်တန်းသား ၅၀ဦး၊ စုစုပေါင်း အင်အား ၁၁၀ ဦး တက်ရောက်ခဲ့သည်။

ထို့နောက် ဒုတိယရဲမှူးကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၀၇၀)



## စစ်ကိုင်းမြို့တွင် စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၁၂**

စစ်ကိုင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာများပါဝင်သော အဖွဲ့က စစ်ကိုင်းမြို့ပေါ်ရှိ QR Code, Bar Code ဖြင့် ရောင်းချသော Denko ၊ SPC ၊ ငွေဇိုင်းဖြူ ဒေါ်လာ ဆီဆိုင်များအား အခြင်အတွယ်မှန်ကန်မှု ရှိ၊ မရှိ လီတာ ၂၀ဆံ့ ခြင်ခွက်ဖြင့်လည်းကောင်း၊ အရည်အသွေးစစ်ဆေးနိုင်ရေးအတွက် ဆီနမူနာကောက်ယူ၍လည်းကောင်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချမှု ရှိ၊ မရှိနှင့် မီးဘေးအန္တရာယ်လုံခြုံစိတ်ချစေရန် မီးသတ်ဆေးဘူးများထားရှိခြင်း ရှိ၊ မရှိကိုလည်းကောင်း ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

## ရေဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**ချောက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် ရေဘေးအန္တရာယ် အသိပညာပေး



ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁၁)ရပ်ကွက် သာသနာ့ဗိမာန်၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစောမြဖောင်းက ရေဘေးမဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်ချိန် လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ဌာန၏ ထောက်ပံ့ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ် နားထောင်ရန်နှင့် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက ရေကြီးမှုဖြစ်နေစဉ် ရေသန့်ဘူးခွံအလွတ်၊ ပလတ်စတစ်ပုံးတို့ကို အသုံးပြုပုံနည်း၊ အသက်ကယ်အင်္ကျီနှင့် မိမိကိုယ်ကို ရေဘေးလွတ်ရာသို့ ပြုလုပ်ရမည့်နည်းများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး (၁) ဦးရဲမြင့်က ရေဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ယာယီရွှေ့ပြောင်းနေရာများတွင် ရေကိုကျိုချက်ပြီး သောက်သုံးရန်၊ ရေကြီးမှုကြောင့် မြွေအန္တရာယ်များ ဂရုပြုနေထိုင်သွားရန်နှင့်ကျန်းမာရေးဆိုင်ရာများအား အသီးသီး ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေဘေးရှောင် ယာယီပြောင်းရွှေ့သည့် အမှတ် ၃၊ ၄၊ ၇၊ ၈၊ ၁၄ ရပ်ကွက်များမှ ပြည်သူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ရေဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ကျော်မိုး(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ International Youth Day 2026 အခမ်းအနားကျင်းပ






**မန္တလေး ဩဂုတ် ၁၂**

၂၀၂၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ International Youth Day 2026 အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား မြို့တော်ခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားဖွင့်လှစ်ကြောင်းကြေညာပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြု၍ လူငယ်စွမ်းရည်ဂုဏ်ပြုတေးသီချင်းသီဆိုဖျော်ဖြေကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြား၍ တက္ကသိုလ်အဆင့်ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းငွေးကလည်းကောင်း၊ Grade-12 အဆင့်ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်ကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားပထမပိုင်းကို ခေတ္တရပ်နားသည်။

အခမ်းအနားဒုတိယပိုင်းအစီအစဉ်တွင် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်၊ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသပြီး တိုင်းရင်းသားယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေ၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

၂၀၂၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့် ဆောင်ပုဒ်ဖြစ်သော "DiFFerent Contexts,, Common Aspirations" "နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကိုးကွယ်သော ဘာသာ၊ လူမျိုး၊ တောတောင် ရေမြေသဘာဝ၊ နိုင်ငံ၏သမိုင်းကြောင်းနောက်ခံများ မတူညီသည့်အတွက် လူငယ်များကို ပြုစုပျိုးထောင်ရာတွင် ပုံသဏ္ဍာန်တူညီချင်မှတူညီမည်ဖြစ်သော်လည်း လူငယ်များကို အလေးထားပြုစုပျိုးထောင်ရမည်ဆိုသော ရည်ရွယ်ချက်မှာ နိုင်ငံတော်တော်များများ တူညီကြတာတွေ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

# မန္တလေးတွင် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကျင်းပမည်




**မန္တလေး ဩဂုတ် ၁၂**

မြန်မာနိုင်ငံ၏ ရိုးရာအစားအစာများကို ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတကာအဆင့် တည်ခင်းဧည့်ခံမှု ပညာရပ်များနှင့် ပေါင်းစပ်ကာ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ထံပိုမိုကျယ်ပြန့်စွာ မိတ်ဆက်နိုင်ရန် ရည်ရွယ်၍ Taste of the Golden Land 2026 မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မန္တလေးမြို့ရှိ Myanmar Convention Center (MCC) ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့် ပြပွဲကို မြန်မာနိုင်ငံဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက အကောင်အထည်ဖော်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာ့ရိုးရာအစားအစာများ၏ အရသာနှင့်မူရင်းလက္ခဏာများကို ထိန်းသိမ်းထားရှိရင်း နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံမှုပုံစံ၊ အစားအစာပြင်ဆင်မှုနှင့် အလှဆင်တင်ဆက်မှု နည်းစနစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း မန္တလေးဇုန်ဥက္ကဋ္ဌ ဦးသကြိန်ကျော်၏ ပြောကြားချက်အရ မြန်မာ့အစားအစာများသည် အရသာပိုင်းတွင် နိုင်ငံတကာဧည့်သည်များ လက်ခံနိုင်သည့် အားသာချက်များရှိသော်လည်း နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရာတွင် အစားအစာ၏ အရသာအပြင် တည်ခင်းဧည့်ခံမှု ပညာနှင့်အစားအစာအလှဆင်တင်ဆက်မှုတို့လည်း အရေးပါသည့်အတွက် အဆိုပါနည်းစနစ်များကို မန္တလေးမြို့ရှိ စားသောက်ဆိုင်များနှင့် ဟိုတယ်လုပ်ငန်းများအတွင်း ပိုမိုပြန့်ပွားလာစေရန် ယခုကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြခန်းပေါင်း ၁၃၅ ခန်း ပါဝင်ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီး၏ ထူးခြားသည့် ရိုးရာအစားအစာများကို အဓိကထား၍ ပြသရောင်းချသွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့ရိုးရာအစားအစာများအပြင် တရုတ်အစားအစာအချို့ကိုလည်း ပြသရောင်းချသွားမည်ဖြစ်သဖြင့် လာရောက်သူများအနေဖြင့် အစားအစာအမျိုးအစားများစွာကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

အစားအစာပြိုင်ပွဲတွင် မန္တလေးမြို့ရှိ စားသောက်ဆိုင်ရှစ်ဆိုင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် မြန်မာ့ရိုးရာအစားအစာများကို ချက်ပြုတ်ပြင်ဆင်ရာတွင် အရသာပိုင်းသာမက အစားအစာတည်ခင်းဧည့်ခံမှု၊ ပန်းကန်ပြင်ဆင်မှုနှင့် အလှဆင်တင်ဆက်မှုတို့ကိုပါ ထည့်သွင်းယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဒုတိယနေ့တွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဇုန်အသီးသီးမှ ပါဝင်လာသည့် အဖွဲ့များက မိမိတို့ဒေသ၏ ရိုးရာအစားအစာများကို ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်၍ ပြသခြင်း၊ ရောင်းချခြင်းနှင့် လာရောက်လည်ပတ်သူများအား နမူနာမြည်းစမ်းနိုင်ရန် စီစဉ်ပေးခြင်းများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ယင်းသို့ ဒေသအစားအစာများကို တစ်နေရာတည်းတွင် စုစည်းပြသခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဒေသအလိုက် ထူးခြားသည့် အစားအစာယဉ်ကျေးမှုများကို ပြည်သူများနှင့် နိုင်ငံခြားဧည့်သည်များ ပိုမိုသိရှိနိုင်မည်ဖြစ်သကဲ့သို့ မြန်မာ့အစားအစာများကို ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်၍ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အများပြည်သူများအနေဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီ နောက်ပိုင်းမှစ၍ လာရောက်လည်ပတ်ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ Taste of the Golden Land 2026 ပြိုင်ပွဲနှင့် ပြပွဲသည် မြန်မာ့ရိုးရာအစားအစာများ၏ အရသာနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည့်အပြင် အစားအသောက်လုပ်ငန်းရှင်များအတွက် နိုင်ငံတကာအဆင့် တည်ခင်းဧည့်ခံမှုနည်းစနစ်များကို လေ့လာအသုံးချနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

# အသက်(၁၉)နှစ်အောက် ခရိုင်အလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၁၉)နှစ်အောက် ခရိုင်အလိုက်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ကွာတားဖိုင်နယ်ပွဲစဉ်များကို သတ်မှတ်အားကစားကွင်းတို့တွင် ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲကျင်းပရေးကော်မတီမှတာဝန်ရှိသူများ၊ ခရိုင်အား/ကာမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အောင်မြေမန္တလာအားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ရမည်းသင်းခရိုင်အသင်းက အောင်မြေသာစံခရိုင်အသင်းကို လေးဂိုးပြတ်ဖြင့် နိုင်ပြီး၊ ရွှေမန်းတောင်အားကစားကွင်းတွင် ပြင်ဦးလွင်ခရိုင်အသင်းက သပိတ်ကျင်းခရိုင်အသင်းကို ကိုးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဩဂုတ် ၁၃ ရက်ကွာတားဖိုင်နယ်ပွဲစဉ်တို့တွင် မိတ္ထီလာခရိုင်အသင်းနှင့်ကျောက်ဆည်ခရိုင်အသင်း၊ မဟာအောင်မြေခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

သင့်သွေးဖြင့် အသက်ကယ်ပါ။

# ကျေးဇူးသိတတ် ကျေးဇူးဆပ်ပါ

'ကျေးဇူး' ဆိုသည်မှာ

'ကောင်းသော အရည်အချင်း အစွမ်းသတ္တိဂုဏ်'

'တစ်ဦးက တစ်ဦးပေါ်တွင် ပြုအပ်သော ကောင်းမှုဥပကာရ'

လောကမှာ ကျေးဇူးတရားနှင့်ပတ်သက်လျှင် လူမှုဘဝဝန်းကျင်မှာ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရာတွင် 'ကျေးဇူး' ဆိုသည့် စကားကို လေးလေးစားစား သုံးနှုန်းပြောဆိုမှုနည်းပါးကြပါသည်။ စာပေအနုပညာနယ်ပယ်မှာလည်း 'ကျေးဇူး'ဆိုသည့် စကားလုံးကို ထဲထဲဝင်ဝင် သုံးစွဲရေးသားမှု နည်းပါးကြပါသည်။

'ကျေးဇူး' ဆိုသည်မှာ ကိုယ်ကယူဖူး (ကျေးဇူးစားဖူး)လျှင် သူ့ကျေးဇူးကို မမေ့ရပါ။ အခွင့်အခါသင့်လျှင် အတုံ့အပြန် ကျေးဇူးဆပ်ဖို့ ဝန်မလေးရပါ။ ကျေးဇူးနှင့်ပတ်သက်လျှင် 'ခက်သုံးခက်' ဟူ၍ ဆိုရိုးစကားရှိပါသည်။

(၁) သူ့ကျေးဇူးကို သိဖို့ခက်သည်။

(၂) သူ့ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြောဖို့ခက်သည်။

(၃) သူ့ကျေးဇူးကို ဆပ်နိုင်ဖို့ ခက်သည်။

ကျေးဇူးသိဖို့နှင့် ကျေးဇူးထုတ်ဖော်ပြောဆိုဖို့ ခက်သော်လည်း အလေးအနက်သတိထားကာ လုပ်နိုင်ပါသည်။ သို့သော် အသိဉာဏ်နည်းပါးသူ၊ အတ္တကြီးလွန်းသူတွေအတွက် သူ့ကျေးဇူးကိုဆပ်ဖို့ ခက်ပေလိမ့်မည်။

ကျေးဇူးကန်း = သူတစ်ပါး၏ ကျေးဇူးကို မသိမမြင် သတိမရဖြစ်သည်။ ပြုဖူးသော ကျေးဇူးကို မထောက်ထားဘဲ ပြောဆိုပြုမူသည်။

ကျေးဇူးတင် = သူတစ်ပါးက ပြုသောကျေးဇူးကို အောက်မေ့ချီးကျူးပြောဆိုခြင်း၊ သူတစ်ပါးပြုသော ကောင်းမှုအကြွေးသည် မိမိအပေါ်၌ တည်ရှိခြင်း။

ကျေးဇူးပြု = စောင်မ၊ ကြည့်ရှုသည်။ ထောက်ထားငဲ့ညှာသည်။ အကျိုးဖြစ်ထွန်းစေသည်။

ကျေးဇူးရှိ = အကျိုးရှိသည်။ သူတစ်ပါးပြုသောကျေးဇူး သက်ရောက်သည်။

ကျေးဇူးရှင် = ကျေးဇူးပြုသောသူ။

(မြန်မာအဘိဓာန်အတွဲ-၁)

**'ကျေးဇူးတရား'**

ကျေးဇူးတရားဆိုတာ လောကမှာ ကျေးဇူးတင်တတ်ရင် သစ်ပင်လေးတစ်ပင်အောက်ဝင်ပြီး အရိပ်နားခိုရင်တောင်မှ ထိုအရိပ်နားခိုရတဲ့ အခိုက်အတန့်လေးမှာ အပူအပင်တွေငြိမ်းပြီး ပင်ပန်းနွမ်းနယ်မှုတွေ ပြေပျောက်သွားတဲ့အတွက် ဒီသစ်ပင်ရဲ့ ကျေးဇူးတရားဆိုတာကို သိရှိနားလည်နိုင်ပါတယ်။ ဒါကြောင့်မို့ ရှေးသူတော်စင်တွေက သစ်ပင်ရိပ်ကို နားခိုပြီးရင် 'အရိပ်နေနေ အခက်ချိုးချိုး မလုပ်ရ၊ ကျေးဇူးတရားကို သိရတယ်'ဟု ဒီလိုဆုံးမခဲ့ကြတယ်။

မြန်မာနိုင်ငံမှာလည်း မိမိအပေါ် ကျေးဇူးရှိခဲ့တာတွေနဲ့ပတ်သက်ပြီးတော့ 'တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး' 'တစ်လုတ်စားဖူး သူ့ကျေးဇူး' ဟူ၍ကျေးဇူးတရားကို ထုတ်ဖော်ပြီး ပြောကြားလေ့ရှိကြတယ်။ ရေးသားလေ့ရှိကြတယ်။ လောကလူသားတွေကလည်း တစ်ဦးတစ်ယောက်က မိမိအပေါ် ကူညီလုပ်ဆောင်ပေးရင် 'ကျေးဇူးတင်ပါတယ်'ဆိုတဲ့စကား ပြောဆိုလေ့ရှိကြတယ်။တကယ့်ကျေးဇူးတင်လား၊ မတင်ဖူးလားဆိုတာ အနှစ်သာရပိုင်းကတော့ မတူညီကြဘူး။ သို့သော် 'ကျေးဇူးတင်ပါတယ်'ဆိုသော စကားတစ်ခွန်းဟာ ယဉ်ကျေးမှုတစ်ခုအနေနဲ့ သုံးလာတဲ့ စကားတစ်ခွန်းဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ နှုတ်ဖျားက 'ကျေးဇူးတင်ပါ တယ်' ပြောလည်း ရင်ထဲက ကျေးဇူးတင်တာမျိုးမဟုတ်ဘဲ ဖြစ်တတ်တယ်ပေါ့။ အဲ့ဒီလိုမျိုး နှုတ်ကသာပြောပြီး တကယ့်လက်တွေ့မပါတဲ့ မိတ်ဆွေကို 'ဝစီပရမမိတ်ဆွေ' လို့ခေါ်သလို နှုတ်နဲ့ပဲ ဧည့်ခံတယ်။ တကယ်လက်တွေ့မပါဘူး။အဲ့ဒီလိုလူမျိုးကို 'မိတ်ဆွေတု' လို့ သတ်မှတ်ကြတယ်ပေါ့။

ဒါကြောင့်မို့ 'ကျေးဇူးတင်ပါတယ်'ဆိုသည့်အခါမှာ နှုတ်ကပြောတဲ့အတိုင်း ရင်ထဲကလည်း တကယ်ကျေးဇူးတင်ပြီး ကျေးဇူးဆပ်ဖို့ ကြုံလာရင် ကျေးဇူးဆပ်တတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရတယ်။

(ကျေးဇူးတော်အရှင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ)

လောက၌ လူဖြစ်ရခြင်း၏ တာဝန်သည် လူမှုဘဝဝန်းကျင် အသိုက်အဝန်းမှာ မိမိအပေါ် ကျေးဇူးပြုသော သူများကို ကျေးဇူးသိတတ်ခြင်းနှင့် ထိုကျေးဇူးကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ခြင်းပင်ဖြစ်သည်။ အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးသည် တုနှိုင်းမရ ကြီးမားလှပါသည်။ ထိုကြီးမားလှသော ဂုဏ်ကျေးဇူးကို မြန်မာဗုဒ္ဓဘာသာဝင်တိုင်း အထူးသိတတ်ကာ ကျေးဇူးဆပ်ဖို့ လိုပါတယ်။ ခင်ပွန်းကြီး(၁၀)ပါး၏ ကျေးဇူးကိုလည်း သိတတ်ကာ ကျေးဇူးဆပ်ဖို့ လိုပါသည်။ ရတနာသုံးပါးနှင့် မိဘဆရာတို့၏ ကျေးဇူးကို မမေ့ဘဲ ကျေးဇူးသိတတ် အမှတ်ရတတ်သူသည် လူမြတ်(မြင့်မြတ်သော လူ) ဖြစ်၏။ သူတစ်ပါး၏ ကျေးဇူးတရားတွေကို ကျေးဇူးမသိတတ် အမှတ်မရဘဲ မေ့လျော့နေသူသည် လူညံ့(ယုတ်ညံ့သော လူ)ဖြစ်၏။

လူ့ဘဝမှာ ကျွန်းမာစွာ အသက်ရှည်ရေး၊ စားဝတ်နေရေးအတွက် ရှန်းကန်လှုပ်ရှားကြရာတွင် ပြည့်စုံကြသူများရှိသကဲ့သို့ မပြည့်စုံကြသူများလည်း ရှိကြပါသည်။ အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့လာလျှင် တစ်ခါတလေ အတွေးအခေါ်မှားတတ်ပါသည်။ အမြော်အမြင် နည်းပါးတတ်ကြပါသည်။ အတွေးမှား၊ အမြင်မှား၊ အလုပ်မှားတွေ လုပ်တတ်ကြ၏။ မိမိဒုက္ခရောက်နေချိန်မှာ ကူညီခဲ့ဖူးသော၊ ကျေးဇူးရှိခဲ့ဖူးသော သူ၏ကျေးဇူးများကို မေ့လျော့နေကာ ကျေးဇူးကန်းတတ်ကြပါသည်။

**ကျေးဇူးကန်းသူ၏ ဆိုးကျိုး(၁၀)မျိုး**

(၁) ရောဂါကြီးမားခြင်း

(၂) စည်းစိမ်ဥစ္စာဆုံးရှုံးခြင်း

(၃) နေအိမ်ပျက်စီးခြင်း

(၄) ခြေလက်အင်္ဂါကျိုးကန်းပျက်စီးခြင်း

(၅) စိတ်ဖောက်ပြန်ခြင်း

(၆) ရောဂါဝေဒနာများခြင်း

(၇) မင်းပြစ်၊ မင်းဒဏ်သင့်ခြင်း

(၈) မဟုတ်မမှန်စွပ်စွဲခံရခြင်း

(၉) မိသားစုဆွေမျိုးသားချင်းများနှင့်ရှင်ကွဲ၊ သေကွဲ၊ ကွဲရခြင်း

(၁၀)ငရဲကြီးစွာခံစားရတတ်ခြင်း

လောက၌ မစင်အတိပြည့်၍ ကျဉ်းမြောင်းသော အရပ်၌ နေရခြင်းသည် ဆင်းရဲ၏။ ထိုထက် မချစ်မနှစ်သက်သော ရန်သူထံ၌ နေရခြင်းသည်လည်း ဆင်းရဲ၏။ ထိုထက် သူ့ကျေးဇူးကို မသိတတ်သော သူနှင့် နေရခြင်းသည်လည်း ပို၍ ဆင်းရဲ၏။ မြတ်ဗုဒ္ဓသည် လောကတွင် လူသားအားလုံးကို လိုက်နာကျင့်ကြံနေထိုင်နည်း၊ တရားဓမ္မတို့ကို ဟောပြဆုံးမတော်မူခဲ့သည်။ တရားဓမ္မများတွင် စိတ်နေစိတ်ထား ကောင်းမွန်ရေးအတွက် ရိုသေထိုက်သူကို ရိုသေခြင်း၊ လေးစားထိုက်သူကို လေးစားခြင်း၊ မိမိကိုယ်ကို အမြဲထာဝရ နှိမ့်ချစေခြင်း၊ လောဘ အလိုကို မလိုက်ဘဲ ရောင့်ရဲလွယ်ခြင်း၊ သူတစ်ပါး၏ ကျေးဇူးကို အထူးသိတတ်ခြင်း၊ ကျေးဇူးဆပ်ခြင်း စသည့်အချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်၏။

'ကျေးဇူး' အကြောင်းကို ပြောဆိုရေးသားရမည်ဆိုလျှင် ပင်းယခေတ်က ပင်လယ်မြို့စား ငါးစီးရှင်ကျော်စွာ၏ မင်းမှုထမ်း သူရဲကောင်း ငခင်ညိုအကြောင်းမပါလျှင် မပြီးပါ။ သူရဲကောင်း ငခင်ညို၏ ကျေးဇူးသိတတ်မှုသည် မြန်မာ့သမိုင်းရာဇဝင်မှာ စာတင်ခဲ့ဖူးပါသည်။

ငါးစီးရှင်ကျော်စွာ၏ ညီတော်စစ်ကိုင်းမြို့စား အသင်္ခယာစောယွန်းကို လုပ်ကြံရန် သူရဲကောင်း ငခင်ညိုကို စေလွှတ်တော်မူ၏။ စစ်ကိုင်းရောက်၍ သုံးရက်မြောက်သောနေ့တွင် အခွင့်သာသောအခါ နန်းတော်တွင်းသို့ဝင်၏။ အစာရေစာပြတ်၍ ဝမ်းအာဟာရပြည့်ရန် စစ်ကိုင်းမြို့စား နတ်တင်ထားသော ထမင်းနှင့် အမဲသားဟင်းကို မြင်လိုက်သည်နှင့် စွန့်ယူ၍ စားလိုက်၏။ ထို့နောက် အသင်္ခယာစောယွန်းကို လုပ်ကြံရန် ဓားကို နုတ်လိုက်စဉ် 'ဤမင်းကား ငါ၏ ထမင်းရှင်ဖြစ်ပေပြီ ထမင်းရှင်ကို ပြစ်မှားသော အပြစ်ကား သံသရာ၌ကြီးမား၏'ဟု တွေးမိသဖြင့် နုတ်ထားသောဓားကို ဓားအိမ်ထဲသို့ ပြန်သွင်း၏။ ထို့နောက် စစ်ကိုင်းမြို့စားထံရောက်ကြောင်း သက်သေပြနိုင်ရန် ပတ္တမြားကျောက်စီဓားကို ယူဆောင်၍ ငါးစီးရှင်ကျော်စွာကို ဆက်သ၏။ သူရဲကောင်း ငခင်ညိုလျှောက်တင်သောစကားများကို ကြားရသောအခါ ငါးစီးရှင်ကျော်စွာသည် 'ငါ့ကျွန်သည် ထမင်းတစ်စလောင်းကို စားရရုံပင် ကျေးဇူးကိုသိ၏။ နေ့တိုင်းမပျက်သား၊ မယားနှင့်တကွ ကျေးမွေးလျက်ရှိသော ငါ၏ ကျေးဇူးတော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း'ဟု ချီးမွမ်းတော်မူကာ များစွာသော ဆုလာဘ်တော်များကို ပေးသနားတော်မူ၏။

(မှန်နန်းမဟာရာဇဝင်)

လောကမှာ နှလုံးလှသူတိုင်း ကာယကံအမှုဖြင့် ပြုလုပ်တော့မည်ကြံတိုင်း၊ ဝစီကံအမှုဖြင့် ပြုလုပ်တော့မည်ကြံတိုင်း၊ မနောကံအမှုဖြင့် ပြုလုပ်တော့မည်ကြံတိုင်း မိမိ၏အလုပ်ကို လုပ်သင့်၊ မလုပ်သင့်၊ မှန်၏၊ မမှန်၏ကို အမြဲဆင်ခြင်သုံးသပ် ဆုံးဖြတ်တတ်ကြပါသည်။

လူ့ဘဝမှာ လူသားများသည် မေတ္တာတရားနည်းပါးကြ၍ ဒုက္ခအမျိုးမျိုး၊ သောကအထွေထွေ ကြုံတွေ့ရကြသကဲ့သို့ ကျေးဇူးတရား မသိတတ်၍ ပြဿနာအမျိုးမျိုး ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ကျေးဇူးသိတတ်မှု၊ ကျေးဇူးဆပ်မှု သဘာဝနှင့်စပ်သော သိမှတ်ဖွယ်ရာများရှိပါသည်။ အင်္ဂုတ္တရနိကာယ် သပစိတ္တဝဂ်၌ သူတော်ကောင်းသည် သူတစ်ပါး၏ ပြုအပ်ဖူးသော ကျေးဇူးကို သိတတ်ကာ ထင်ရှားစွာ ပြောဆိုပြုလုပ်ပေးဆပ်တတ်၏။ ကျေးဇူးဆပ်မှုကို ချီးမွမ်းဖွယ် ဂုဏ်အဖြစ် အသိအမှတ်ပြု၏။

သူယုတ်မာကား သူတစ်ပါးပြုအပ်ဖူးသော ကျေးဇူးကို မသိတတ်၊ ထင်ရှားစွာ မပြောဆို၊ မပြုလုပ်၊ မပေးဆပ်တတ်၊ ကျေးဇူးမသိခြင်း၊ ကျေးဇူးမဆပ်ခြင်းကို ချီးမွမ်းဖွယ် ဂုဏ်တစ်ရပ်အဖြစ် အသိအမှတ်ပြု၏။ ဤစကားတော်ကို ကြည့်ရုံဖြင့်ပင် ပင်ကိုဓာတ်ခံစိတ်ထားကောင်းသူမှာ ကျေးဇူးသိတတ်၍ ပင်ကိုဓာတ်ခံ စိတ်ထားမကောင်းသူမှာ ကျေးဇူးမသိတတ်ကြောင်း သိသာပါသည်။

'ကျွန်ုပ် ဒုက္ခရောက်စဉ်က သင်,ကျွန်ုပ်ကို ဘာကူညီခဲ့ဖူးသလဲ' ဟူသော စကားဆောင်ပုဒ်သည် လူမှုဘဝမှာတစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်းဆက်ဆံကြရာတွင် ဒုက္ခရောက်ချိန်မှာ 'နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း' ဖြင့် စောင်မကြည့်ရှုမှု၊ ဖေးမကူညီမှု၊ ကျေးဇူးပြုမှု၊ အတိမ်အနက်ကို တိုင်းတာသော စကားဖြစ်သည်။ ထို့ကြောင့် ဒုက္ခရောက်ချိန်မှာ ဖေးမကူညီသူကို မမေ့ရပါ။ နိမ့်ပါးချိန်မှာ စောင်မကြည့်ရှုသူကို မမေ့ရပါ။ အခက်အခဲနဲ့ ရင်ဆိုင်ရချိန်မှာ လက်တွဲဖြေရှင်းပေးတဲ့သူကို မမေ့ရပါ။ ငွေရေးကြေးရေး ကျပ်တည်းချိန်မှာ သုံးစွဲရန် ထုတ်ပေးသူကို မမေ့ရပါ။ မကျန်းမာချိန်မှာ ပြုစုစောင့်ရှောက်ပေးသူကို မမေ့ရပါ။ ကျေးဇူးသိတတ်ကာ ကျေးဇူးဆပ်ကြရပါမည်။

မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ၃၈ ဖြာ မင်္ဂလာတရားတော်လာ 'ကတညုတ' သူ့ကျေးဇူးကို သိတတ်ခြင်း'ဟူသော မင်္ဂလာတရားတော်နှင့်အညီ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အတွက် ကျေးဇူးမသိတတ်သူအဖြစ်မှ ကျေးဇူးသိတတ်သူဖြစ်ရေးအတွက် အဓိက လိုအပ်ချက်သည် စိတ်ထားကောင်းကာ အသိဉာဏ်နှင့် စဉ်းစားတွေးခေါ်ခြင်းပင်ဖြစ်သည်။ ကျေးဇူးရှိသူ၏ ကျေးဇူးကို အမြဲအောက်မေ့ကာ ကျေးဇူးဆပ်ခွင့် ကြုံလာလျှင် ပြန်လည်ပေးဆပ်ကြရမည်။

ထို့ကြောင့် လောကလူသားတိုင်း မြတ်ဗုဒ္ဓ၏ တရားဓမ္မအဆုံးအမများကို လိုက်နာမှတ်သားကာ ကျေးဇူးသိတတ် ကျေးဇူးဆပ်သူများဖြစ်အောင် ကျင့်ကြံနေထိုင်ကြပြီး ကိုယ့်ဘဝတန်ဖိုးကို မြှင့်တင်ကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မိုးထက်ကို(အမရပူရ)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ကိုးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသားသုံးဦး၊ ယူဂန်ဒါနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး



စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးရာသီဘောလုံးသင်တန်းဆင်းပွဲ ကျင်းပ

**မူဆယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် Football For School Program အရ မိုးရာသီဘောလုံးသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ခရိုင်အားကစားကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားသမားများက နေရာယူကာ စစ်ကြောင်းမှူးမှ ဦးဆောင်၍ မူဆယ်ခရိုင် ဘောလုံး၊ ဖူဆယ်အားကစားကဏ္ဍ အထောက်အကူပြု ဆပ်ကော်မတီ ဥက္ကဋ္ဌအား အလေးပြုခဲ့ကြပြီး ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ဘောလုံးအားကစားသင်တန်းမှ အားကစားသမားများက ဘောလုံးစွမ်းရည်သရုပ်ပြခဲ့ကြပြီး Beauty Angels Dance အကအဖွဲ့က Waka Waka သီချင်းနှင့် ကျေးဇူးကမ္ဘာကိုယ်ပိုင်ကျောင်းအကအဖွဲ့က Dai Dai သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့သည်။ ဆက်လက်၍ ကရာတေးသင်တန်းသား၊ သင်တန်းသူများက ကရာတေးကစားကွက်ဖြင့် သရုပ်ပြ ကစားခဲ့ကြပြီး၊ ဘောလုံးသင်တန်းနည်းပြများနှင့် ကပြဖျော်ဖြေခဲ့ကြသည့် အဖွဲ့သုံးဖွဲ့အား တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြသည်။ အဆိုပါ မိုးရာသီဘောလုံးသင်တန်းကို မူဆယ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ Football For School Programအရ သင်တန်းသား ၁၀၀ဦးဖြင့် ရက် ၄၀ကြာ ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ (ဓါတ်ပုံ)



**မြို့နယ်(ပြန်/ဆက်)**

## အသိပညာပေး ဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများ အသိပညာ၊ အတတ်ပညာများရရှိပြီး ဗဟုသုတတိုးပွားလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် အသိပညာပေးဟောပြောပွဲကို ထန်းတောကျေးရွာ၌ ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ထန်းတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးပြုံးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်ချိန်တွင် လိုက်နာရန်နှင့် ရှောင်ရန်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်နှင့် ရှောင်ရန်အချက်များ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရန် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



ဆက်လက်၍ ထန်းတောကျေးရွာ ကျေးလက်ကျန်းမာရေး၊ ဆေးခန်းမှ ကျန်းမာရေးမှူး ဒေါ်ခင်ဆွေဦးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်အများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေးအကြောင်းအရာများကို အကျယ်တဝံ့ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် မြို့နယ်ဦးစီးမှူးက ရေဘေးအသိပညာပေးလက်ကမ်းစာစောင်များကို (အခမဲ့)ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့် မော်တော်ယာဉ်အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့် မော်တော်ယာဉ်အတွင်းမှ ငွေကျပ် သိန်း ၆၀၀ ခိုးယူသူအား ဩဂုတ် ၉ ရက် ညပိုင်းတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ ဒေါ်--- (၅၂)နှစ်သည် ဩဂုတ် ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီး လမ်းဘေး၌ ၎င်းပိုင် YGN-8 2F----NISSAN MARCH မော်တော်ယာဉ်အား သော့ပိတ်ရပ်တန့်၍ MAB Bank အတွင်းသို့ ငွေအပ်နှံရန်အတွက် ခြောက်မိနစ်ခန့်သွားရောက်စုံစမ်းခဲ့ကြောင်း၊ ထို့နောက် ပြန်ရောက်လာပြီး မော်တော်ယာဉ်တံခါးဖွင့်၍ စစ်ဆေးစဉ် ယာဉ်၏ နောက်ခန်း၌ထားရှိသော ငွေကျပ်သိန်း ၆၀၀ မှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား ဖော်ထုတ်အရေးယူပေးပါရန် ကမာရွတ် မြို့မရဲစခန်းသို့ သွားရောက်တိုက်တန်းခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုံစမ်းဖော်ထုတ်ချက်အရ ခိုးမှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုန်းကုန်းကျေးရွာနေ ဇော်လတ်(ခ)အောင်ဇော်လတ်(၃၈)နှစ်အား ဩဂုတ် ၉ ရက် ညပိုင်းတွင် ၎င်း၏နေအိမ်၌ ခိုးမှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေကျပ်သိန်း ၁၄၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဇော်လတ်(ခ)အောင်ဇော်လတ်၏ ထွက်ဆိုချက်အရ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကမာရွတ်မြို့နယ်(၁)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီး လမ်းဘေး၌ ရပ်တန့်ထားသည့် YGN-8 2F-----NISSAN MARCH အဖြူရောင်ယာဉ်ပေါ်မှ ပိုင်ရှင် အမျိုးသမီးဆင်းလာကာ ယာဉ်အားလော့ချစဉ် ၎င်းမှ မော်တော်ယာဉ်၏ ဝဲဘက်အနောက်တံခါးလက်ကိုင်ကွင်းအား လော့ချမရအောင် မတင်ထားခဲ့ကြောင်း၊ ထို့နောက် ယာဉ်ပိုင်ရှင် MAB Bank သို့ သွားရောက်နေစဉ် ငွေကျပ်သိန်း ၆၀၀ အား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေးဆက်လက်ဆောင်ရွက်ရာ ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ခိုးယူရရှိငွေဖြင့် ဝယ်ယူထားသည့် ရွှေလက်စွပ်နှစ်ကွင်းနှင့် ငွေကျပ်သိန်း ၁၀၀ အားဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ နေအိမ်မှလည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ နေအိမ်မှ ငွေကျပ်သိန်း ၁၀၀ အားလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဇော်လတ်(ခ)အောင်ဇော်လတ်အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ခိုးမှုကျူးလွန်သူ ဇော်လတ်(ခ)အောင်ဇော်လတ်အား သိမ်းဆည်းရမိသည့် ငွေများနှင့်အတူ တွေ့ရစဉ်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်၊ အကွက်အမှတ်(၄၂၀)၊ အရှေ့အနောက် (၂၉)ပေ၊ တောင်မြောက် (၁၄ပေ ၆လက်မ)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ထရံကာ သွပ်မိုး (၂ ထပ်)အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အမွေဆက်ခံ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ဦးမျိုးမင်းနိုင် (၈/မမန(နိုင်)၁၅၂၆၁၆)+ ဒေါ်အေးအေးဝင်း(၉/မဟမ(နိုင်)၀၂၁၀၈၈)တို့က ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမင်းမင်းထိုက်+ဒေါ်ဇာခြည်အေးတို့မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မင်း (B.Sc(Chem) , Dip in Business Law , H.G.P)**
**အထက်တန်းရှေ့နေ (စဉ်–၂၀၀၅၁)**
**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၀၃)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီတစ်ထပ် အဆောက်အအုံ (ရေမီးအစုံ) မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ဖြိုး(၉/မနမ(နိုင်)၀၂၉၉၉၁)၊ ဒေါ်သီတာစိုး(၉/မနမ(နိုင်)၀၀၀၉၉၉)၊ ဒေါ်မြတ်မြတ်စိုး(၉/မနမ(နိုင်) ၀၀၁၀၀၀)၊ ဦးမိုးဟိန်း(၉/မနမ(နိုင်)၀၀၁၀၀၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေတွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေတွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**09-2070007 , 09-792070007 , 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်နံပါတ်(၂-က)၊ ဧရိယာ (၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၃)၊ အလွှာ(၃)၊ အခန်းအမှတ်(၃၀၂)၊ (၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒို တိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်လျက် ရှိသူဟု အဆိုပြုသော ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး (ဘ)ဦးလီချင်လွင်(၁/မကန(နိုင်) ၀၈၃၂၁၆)ထံမှ ဦးယော်နမ် (ဘ)ဦးတန်ဌန်း(၁/ဝမန(နိုင်)၁၀၇၅၇၄)မှ အပြီးအပိုင် လက်ရောက် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၅)ရပ်ကွက်အတွင်းရှိ အုန်းချော ကျေးရွာ မြေနေရာချထားရေးကော်မတီ၏ (၁၄-၇-၂၀၀၆)ရက်စွဲပါ ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဉ်(၇/၀၆) ဆုံးဖြတ်ချက်-၂ အပိုဒ်ခွဲ(၄)အရ ဒေါ်ကျော့ကျော့နိုင် အမည်ပေါက်ဖြင့် မြေကွက်သစ် နေရာချထားပေးသော မြေကွက်အမှတ်(၇၈)၊ ဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အား လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသော ဒေါ်ကျော့ကျော့နိုင်(၁/ရတန(နိုင်)၀၀၂၇၀၆)၊ တောင်နံ့သာ မြို့ပြကွက်သစ်၊ ကျောက်ဆည်မြို့နယ်နေထိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဌေးလှိုင် (ဘ)ဦးအုန်းနိုင် (၅/ကနန(နိုင်)၀၃၇၈၀၅)၊ တောလှကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးမြို့နေထိုင်သူမှ အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါ သည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ် အပါအဝင် မြေနှင့်ပတ်သက်သည့် လိုအပ် သော လျှောက်ထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| ဦးရဲထက်အောင် **(LL.B,D.I.L)** | ဒေါ်အေးနုငယ် **(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| အမှတ်(၆)ရပ်ကွက်၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ | ရွှေစာရံကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ |
| မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၉၇၉၅၀၆၅၄၁ | မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၄၀၀၄၇၁၆၂၀ |

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ထန်းတပင်(၅)ရပ်ကွက်နေ ဒေါ်စုစုမောင် (ဘ)ဦးကံကြီးမောင်(၉/အမရ(နိုင်)၁၀၄၂၅၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ်–၁၅၀၆/ ၂၀၂၆**

အထက်ဖော်ပြပါ 'LWS La Wunn San Collection' ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၅၀၆/၂၀၂၆)အရ တရားဝင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေမှ **Handmade** မြန်မာ့ချည်သား ချုပ်ထည်နှင့် ချည်သားအိတ်များကို '**LWS La Wunn San Collection**' အမည်ဖြင့် အသုံးပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့မိတ်ဆွေ၏ '**LWS La Wunn San Collection**' အမည်အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တုပ၍ သုံးစွဲခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ဆင်တူရိုးမှားတုပသုံးစွဲလာပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မင်းလွင်** | **ဒေါ်ထူးထူးတင်စာမျိုး** |
| **LL.B,LL.M** | **LL.B,LL.M** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂)၊ လမ်း၆၀နှင့်၁၀လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၂၈၀၃၇၊ ၀၉–၄၀၂၆၉၁၈၁၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၃)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁) ဧကရှိ ဒေါ်စန်းရီ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးရဲလွင် (အဘ)ဦးသိန်းလွင် (၉/ငဇန(နိုင်)၀၈၉၆၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေး ငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးနိုင် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဆ–၇ /၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## ပျောက်ဆုံးကြောင်း

မောင်လိကျိန်ရှို (ဘ)ဦးလိယိုဟူး နိုင်ငံသားစိစစ်ရေး ကတ်အမှတ်(၁၃/ကခန(နိုင်)၁၀၈၅၇၁) ကိုင်ဆောင်သူ၏ Passport No အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

**မောင်လိကျိန်ရှို ဖုန်း ၀၉–၈၈၁၀၁၁၁၁၀**

## အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက် Star Private High School Grade-2 တွင် ပညာသင်ကြားနေသော **ဦးစိုင်းညီညီလွင်+ ဒေါ်ခင်နှင်းငြိမ်း** တို့၏သား **မောင်ဟိန်းထက်ဦး** ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **စိုင်းဟိန်းထက်ဦး** ဖြစ်ပါကြောင်း။

**စိုင်းဟိန်းထက်ဦး**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စဉ့်ကိုင်မြို့နယ်တွင် ဒုဋ္ဌဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သည့်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**မန္တလေး ဩဂုတ် ၁၂**

ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးဆက်များကြောင့် သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝန်း၌ မကြာခဏပိုမိုဖြစ်ပွားလျက်ရှိသည်။

မိုးရာသီ၌ မိုးရွာသွန်းခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော်လည်း မမျှော်မှန်းနိုင်သည့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် မိုးရာသီသဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံဖြစ်ပွားမှုများကို နေရာဒေသအချို့တွင် ကြုံတွေ့နေရပြီး ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကျေးရွာအုပ်စု (၈)ခု၊ ကျေးရွာ(၂၄)ရွာ မြစ်ရေဝင်ရောက်ခဲ့မှုများ ဖြစ်ပေါ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက စဉ့်ကိုင်မြို့နယ် မြောက်ကိုင်း ကျေးရွာအုပ်စု၊ ဆယ့်နှစ်ကိုင်း ကျေးရွာ၊ ပလိပ်ကျေးရွာအုပ်စု အင်းလျား(န)ကျေးရွာ၊ တံတားဦးလေး+သာယာကျွန်း ကျေးရွာများသို့သွားရောက်ပြီး ရေဝင်ရောက်နေမှု၊ မြစ်ရေများကျေးရွာများအတွင်းဖြတ်၍ အင်းအတွင်း စီးဆင်းနေမှုများ၊ အခြေခံပညာကျောင်းများ ယာယီပိတ်ထားရမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပလိပ်ကျေးရွာအုပ်စုရှိ ရတနာလာဘမုနိဆုတောင်းပြည့် မြေဘုရားဓမ္မာရုံတွင် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ အိမ်ထောင်စုများကို ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ပြီး နေထိုင်စဉ်ကာလအတွင်း အဆင်ပြေစေရန် ထောက်ပံ့ရေးပစ္စည်းများလာရောက်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ အသိပေးချက်များကို အထူးဂရုစိုက်လိုက်နာနေထိုင်သွားကြရန် လိုအပ်ပါကြောင်း၊ ရေဝင်နစ်မြုပ်ထိခိုက်ခဲ့သည့် စိုက်ပျိုးမြေများတွင် စနစ်တကျပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရေများပြန်လည်ကျဆင်း၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားပါက နေရပ်အသီးသီးသို့ပြန်လည်နေထိုင်နိုင်ရေး၊ ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားသွားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများအား ချီးမြှင့်ငွေများပေးအပ်ပြီးနောက် ရေဘေးသင့်ပြည်သူတစ်ဦးက ကြုံတွေ့ခဲ့ရမှုများနှင့် ကျေးဇူးတင်စကားများပြောကြားခဲ့သည်။

စာမျက်နှာ ၈ သို့ ○



## (၃၉) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ISTAF WORLD SEPAKTAKRAW CHAMPIONSHIP ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆု သုံးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၃၉) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ISTAF WORLD SEPAKTAKRAW CHAMPIONSHIP ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆု သုံးခု စုစုပေါင်း ဆုတံဆိပ် လေးခု ဆွတ်ခူးရရှိခဲ့သည်။

စာမျက်နှာ ၉ သို့ ○

## ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

## ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

အားကစားရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပပြီး ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၉ သို့ ❐

